FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

စာချုပ်အမှတ် -------------------------

# သမာဓိအာမခံစာချုပ်

၁။ ပထမအမျိုးသားအာမခံ (အထွေထွေ)ကုမ္ပဏီလီမိတက် ကို ဤစာချုပ်တွင် **အာမခံလုပ်ငန်း** ဟုခေါ်တွင်မည်။

၂။ ( ……………………….. ) ကိုဤစာချုပ်တွင် အစိုးရ/သမ/ပုဂ္ဂလိကလုပ်ငန်းအမှုထမ်းဟုခေါ်တွင်မည်။ အစိုးရ/သမ/ပုဂ္ဂလိကလုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်နေသော သို့တည်းမဟုတ် ဝင်ရောက်လုပ်ကိုင်မည့်/ဆဲ ဖြစ်သော …………….. က အလုပ်ဝတ္တရားကို မိမိဆောင်ရွက်နေစဉ် မိမိအားအစိုးရ/သမ/ပုဂ္ဂလိကလုပ်ငန်းက ယုံကြည်၍ ပေးအပ်ထားသောငွေကြေး (သို့တည်းမဟုတ်) မိမိတာဝန်အရ လက်ခံဆောင်ရွက်ရသည့် ငွေကြေးကို ရိုးသားဖြောင့်မတ်စွာ ကိုင်တွယ်ဆောင်ရွက်မည်ဟု အာမခံလုပ်ငန်းထံ အာမခံစေရန် အစိုးရ/သမ/ပုဂ္ဂလိက လုပ်ငန်း၏ သဘောတူချက်ကိုခံယူလျက် အဆိုပြုလွှာ အကြောင်းကြားစာနှင့်အတူ အာမခံလုပ်ငန်းထံသို့ လျှောက်ထားခြင်းကို လက်ခံရရှိသည်။

ထိုသို့ အာမခံလုပ်ငန်းကအာမခံရသည့်အတွက် …………………………..ငွေကျပ် ………………. ကို ဤစာချုပ်စ၍ချုပ်ဆိုသည့် ……… ခု၊ ………………… လ၊ ….. ရက်နေ့ မှ ………… ခု၊ ………….. လ၊ ………… ရက်နေ့အထိသာ၊ (၁၂)လကာလအပိုင်းအခြားအတွက် တာဝန်ယူပါသည်။

အထက်ဖော်ပြပါအကြောင်းအရာတို့အပြင် အထက်ဖော်ပြပါကာလအပိုင်းအခြားအတွင်း ဤစာချုပ် အတည်ဖြစ်စေသမျှ ကာလပတ်လုံးအစိုးရ/သမ/ပုဂ္ဂလိကအမှုထမ်းသည် မိမိအားယုံကြည်၍ လုပ်ငန်းကပေးအပ်ထားသော ငွေကြေး (သို့တည်းမဟုတ်) လုပ်ငန်းမှ မိမိတာဝန်အရ လက်ခံဆောင်ရွက်ရသည့်ငွေကြေးကို ရိုးသားဖြောင့်မတ်စွာ ကိုင်တွယ်ဆောင်ရွက် လက်ခံမည်ဟု အစိုးရ/သမ/ပုဂ္ဂလိကအား အာမခံလုပ်ငန်းက တာဝန်ယူဆောင်ရွက်ပေးပါသည်။ထိုကဲ့သို့အာမခံထားသည့်အတွက်၊ အစိုးရ/ သမ/ ပုဂ္ဂလိကအမှုထမ်း၏ ပျက်ကွက်မှု၊ ပေါ့လျော့မှု၊ လစ်ဟင်းမှု၊ အလွဲသုံးစားပြုမှု၊ လိမ်လည်ကောက်ကျစ်မှု၊ အကျင့် သိက္ခာပျက်ပြားမှု သို့တည်းမဟုတ် မရိုးသားမှုတို့ကြောင့်လုပ်ငန်းမှ ယုံကြည်စွာ အပ်နှံထားသော ငွေကြေးတစ်စုံတစ်ရာ ဆုံးရှုံးနစ်နာပျက်စီးခြင်း ရှိခဲ့ပါမူ အစိုးရ/သမ/ပုဂ္ဂလိကအား အာမခံလုပ်ငန်းကအာမခံထားသော ငွေထက်မပိုဘဲနစ်နာသည်နှင့် အမျှ လျော်ကြေးပေးရန် တာဝန်ယူ ပါသည်။

ဤစာချုပ်ဆက်လက်၍ အတည်ဖြစ်စေရန်အတွက် နှစ်စဉ် ……… ရက်နေ့တွင်လည်းကောင်း၊ ထိုရက်နေ့ထက် စော၍ သော်လည်းကောင်း၊ (……………… ) ရက်နေ့မှ (……………..) ရက်နေ့ ထိ ကာလ အပိုင်းအခြားကို တာဝန်ယူခြင်းကြောင့် ပရီမီယံငွေကို အစိုးရ/သမ/ပုဂ္ဂလိကအမှုထမ်းကပေးသွင်း၍ ထိုငွေကို ဤအာမခံလုပ်ငန်းကလက်ခံရန် သဘောတူညီရန်လိုအပ်ပါသည်။

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

ဤစာချုပ်အရ ပေးလျော်ရမည့်ငွေသည် ကျပ်(……………..) ထက်မများစေရ။ အစိုးရ/သမ/ပုဂ္ဂလိက အမှုထမ်း၏ မရိုး သားမှုကြောင့် လျော်ကြေးပေးရခြင်းအကြောင်းပေါ်ပေါက်ခဲ့သော် ထိုမရိုးသား သောအစိုးရ/ သမ/ပုဂ္ဂလိကအမှုထမ်း ကိုအမှုဖွင့် တရားစွဲရန်အာမခံလုပ်ငန်းက အစိုးရ/သမ/ပုဂ္ဂလိကလုပ်ငန်းအား တိုက်တွန်း ရမည်။ တရားစွဲဆိုပြီး တရားရုံး စီရင်ဆုံးဖြတ်ချက်အရ ပြန်လည်ရရှိငွေကြေးများကိုခုနှိမ်ပြီးမှ လျော်ကြေးကို ပေးလျော် မည်ဖြစ်သည်။ ငွေကြေး အလွဲသုံးစားပြုသည့် အစိုးရ/သမ/ပုဂ္ဂလိက အမှုထမ်း တိမ်းရှောင်ရှာဖွေမတွေ့ပါက တရားရုံး၏ လုပ်ငန်းစဉ်အရ အမှုပိတ်သိမ်းပြီးမှသာ လျော်ကြေးကိုစဉ်းစားဆောင်ရွက်မည်။

ဤလုပ်ငန်း၏ အုပ်ချုပ်မှုဒါရိုက်တာ ကနည်းလမ်းတကျပေးအပ်သောအာဏာအရ……………..ခုနှစ်၊ …………….. လ၊ …………… ရက်နေ့တွင် အောက်၌လက်မှတ်ရေးထိုးပါသည်။

စစ်ဆေးသူ

အခွင့်အာဏာရအရာရှိ